# ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU)

ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) သည် ဂျပန်နိုင်ငံ၏ တက္ကသိုလ် (ပထမဘွဲ့သင်တန်း) စသည်သို့ တက်ရောက်လိုသူများအတွက် ဂျပန်ဘာသာအရည်အချင်း နှင့် အခြေခံပညာအရည်အချင်း (သိပ္ပံ၊ အထွေထွေဘာသာရပ်၊ သင်္ချာ) ကို စစ်ဆေးတိုင်းတာသော စာမေးပွဲ ဖြစ်သည်။

## ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) (JASSO)

http://www.jasso.go.jp/en/eju/index.html

ဂျပန်နိုင်ငံ၏ တက္ကသိုလ်အစရှိသည် အများစု (နိုင်ငံပိုင်တက္ကသိုလ် အားလုံးနီးပါး) က ကျောင်းဝင်ခွင့်စာမေးပွဲတွင် ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) ၏ ရမှတ်ကို အသုံးပြုနေကြသည်။

ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) ကို
အသုံးပြုနေသော ကျောင်းအရေအတွက်

| | |
|---|---|
| တက္ကသိုလ် | 431 ခု |
| ကောလိပ် | 84 ခု |
| ဘွဲ့လွန်ကောလိပ် | 54 ခု |
| နည်းပညာကောလိပ် | 51 ခု |
| အသက်မွေးဝမ်းကျောင်း | 122 ခု |
| စုစုပေါင်း | 742 ခု |

2017 ခုနှစ် 1 လ စာရင်းအရ

## ဝင်ခွင့်စာမေးပွဲအဖြစ် Exanination for Japanese University Admission for International Studies (EJU) ကို အသုံးပြုသည့် ကျောင်းအရေအတွက်

http://www.jasso.go.jp/en/eju/examinee/use/index.html

## စာမေးပွဲအချိန်

နှစ်စဉ် ဇွန်လ (ပထမအကြိမ်) နှင့် နိုဝင်ဘာလ (ဒုတိယအကြိမ်)။

## စာမေးပွဲကျင်းပရာနေရာ

ဂျပန်နိုင်ငံအတွင်း/ 16 မြို့   ဂျပန်နိုင်ငံပြင်ပ/ 14 နိုင်ငံ၊ဒေသ 17 မြို့



Bangkok, Busan, Colombo, Hanoi, Ho Chi Minh City, Hong Kong, Jakarta, Kuala Lumpur, Manila, New Delhi, Seoul, Singapore, Surabaya, Taipei, Ulaanbaatar, Vladivostok, Yangon

## ဘာသာရပ်

တက်ရောက်လိုသောကျောင်းမှသတ်မှတ်ထားသောဘာသာရပ်ကိုရွေးချယ်ရပါမည်။Scienceနှင့်Japan and the World ကိုအတူတူရွေးချယ်၍မရပါ။

| ဘာသာရပ် | | ရည်ရွယ်ချက် | ဖြေဆိုချိန် | အမှတ်အပိုင်းအခြား | ဘာသာရပ်ရွေးချယ်မှု | ဖြေဆိုရန်ဘာသာစကား |
|---|---|---|---|---|---|---|
| Japanese as a Foreign Language | | ဂျပန်နိုင်ငံ၏ တက္ကသိုလ်စသည်တွင် ပညာသင်ကြားရန် အသုံးပြုသည့် ဂျပန်ဘာသာအရည်အချင်း (Academic Japanese) ကို တိုင်းတာရန်။ | 125 မိနစ် | Reading Comprehension, Listening and Listening-Reading Comprehension 0 ~ 400 မှတ်<br>Writing 0 ~ 50 မှတ် | | ဂျပန်ဘာသာတစ်မျိုးတည်း |
| အခြေခံပညာအရည်အချင်း | Science | ဂျပန်နိုင်ငံ၏ တက္ကသိုလ်စသည်၏ သိပ္ပံပညာဌာနတွင် ပညာသင်ကြားရန် လိုအပ်သည့် သိပ္ပံဘာသာရပ်များ (ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ) အကြောင်း အခြေခံပညာအရည်အချင်း ကို တိုင်းတာရန်။ | 80 မိနစ် | 0 ~ 200 မှတ် | physics၊ chemistry၊ biology မှ ဘာသာရပ် 2 မျိုး ကို ရွေးချယ်ပါ | ဂျပန်ဘာသာ (သို့) အင်္ဂလိပ်ဘာသာ (ရွေးချယ်ရန်) |
| | Japan and the World | ဂျပန်နိုင်ငံ၏ တက္ကသိုလ်စသည်တွင် ပညာသင်ကြားရန် လိုအပ်သည့် ဝိဇ္ဇာပညာဆိုင်ရာ အခြေခံပညာအရည်အချင်း၊ အထူးသဖြင့် တွေးခေါ်စဉ်းစားနိုင်စွမ်း၊ အကျိုးသင့်အကြောင်းသင့် တွေးခေါ်နိုင်စွမ်း ကို တိုင်းတာရန်။ | 80 မိနစ် | 0 ~ 200 မှတ် | | |
| | Mathematics | ဂျပန်နိုင်ငံ၏ တက္ကသိုလ်စသည်တွင် ပညာသင်ကြားရန် လိုအပ်သည့် သင်္ချာပညာဆိုင်ရာ အခြေခံပညာအရည်အချင်း ကို တိုင်းတာရန်။ | 80 မိနစ် | 0 ~ 200 မှတ် | Course 1 (ဝိဇ္ဇာပညာဌာန နှင့် သင်္ချာပညာကို အနည်းငယ်သာ လိုအပ်သော သိပ္ပံပညာဌာနအတွက်)၊ Course 2 (အဆင့်မြင့် သင်္ချာပညာကို လိုအပ်သည့် ဌာနအတွက်) မှ တစ်ခုကို ရွေးချယ်ရန် | |

## အချိန်ဇယား

| | | ပထမအကြိမ် | ဒုတိယအကြိမ် | |
|---|---|---|---|---|
| ① | လျှောက်လွှာတင်ခြင်း | ဖေဖော်ဝါရီ ~ မတ်လ | ဇူလိုင်လ | စာမေးပွဲဖြေဆိုသူသည် "ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ စာမေးပွဲဖြေရန်လမ်းညွှန်" ကို လက်ဝယ်ရယူပြီး၊ စာမေးပွဲကြေးကို ပေးသွင်းကာ လျှောက်လွှာတင်ပါ။ |
| ② | စာမေးပွဲဖြေလက်မှတ် လက်ခံရရှိခြင်း | မေလ | အောက်တိုဘာလ | စာမေးပွဲဖြေလက်မှတ်ကိုပေးပို့ လာသည်။ |
| ③ | စာမေးပွဲနေ့ | ဇွန်လ | နိုဝင်ဘာလ | စာမေးပွဲဖြေသည်။ |
| ④ | ရမှတ်အကြောင်းကြားစာ လက်ခံရရှိခြင်း | ဇူလိုင်လ | ဒီဇင်ဘာလ | ရမှတ်အကြောင်းကြားစာ ကို ပေးပို့လာသည်။ စာမေးပွဲဖြေဆိုသူမှ လျှောက်ထားသော ကျောင်းမှ မေးမြန်းလာမှု အပေါ် မူတည်ပြီး၊ JASSO သည် စာမေးပွဲဖြေဆိုသူ၏ ရမှတ်ကို သက်ဆိုင်ရာကျောင်းသို့ ပေးပို့သည်။ |

## EJU ၏ သိကောင်းစရာများ

① ပညာသင်ဆု အကျိုးခံစားခွင့် ကြိုတင်စာရင်းသွင်းစနစ်ကို အသုံးပြုနိုင်သည်။

ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) တွင် ထူးချွန်ပြောင်မြောက်သော ရမှတ် ရရှိထားပြီး၊ ဂျပန်နိုင်ငံ၏ တက္ကသိုလ်ပထမဘွဲ့ သင်တန်း၊ ဥပစာကောလိပ်၊ နည်းပညာ(ဥပစာ)ကောလိပ် (တတိယနှစ်နှင့်အထက်) သို့မဟုတ် သက်မွေးပညာသင်(ဥပစာ)ကောလိပ်တွင် အချိန်ပြည့်ကျောင်းသားအဖြစ် ကိုယ်ပိုင်ထောက်ပံ့စရိတ်ဖြင့် ကျောင်းတက်ရောက်မည့် နိုင်ငံတကာကျောင်းသားများသည် JASSO ၏ ပညာသင်ဆု "Monbukagakusho Honors Scholarship for Privately Financed International Students"

ငွေပမာဏ - လစဉ်ငွေပမာဏ 48,000 ယန်း (2015 ဘဏ္ဍာရေးနှစ်)

လျှောက်လွှာတင်နည်း - ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) လျှောက်လွှာတင်ချိန်တွင် ပေးပို့ရမည့် "စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာ" ၏ ကြိုတင်စာရင်းသွင်းစနစ်ကော်လံ၌ ○ သင်္ကေတကို ရေးသွင်းရန်။

ရွေးချယ်နည်း - စာမေးပွဲဖြေဆိုသူများအနက် ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) ရမှတ် ထူးချွန်ပြောင်မြောက်သူများထဲမှ ရွေးချယ်သည်။

ⓘ http://www.jasso.go.jp/en/study_j/scholarships/scholarship/shoureihi/yoyakuseido/index.html

② စာမေးပွဲဖြေဆိုကြိမ် နှင့် အသက် ကန့်သတ်ချက်မရှိ။

ရမှတ်အသုံးပြုနိုင်သောသက်တမ်း 2 နှစ်။ ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) ကို အကြိမ်ကြိမ် ဖြေဆိုနိုင်သည်။ အသက်ကန့်သတ်ချက်လည်း မရှိပါ။ ရမှတ်၏ အကျုံးဝင်သက်တမ်းမှာ 2 နှစ် ဖြစ် (အများဆုံး ပြီးခဲ့သောစာမေးပွဲ 4 ကြိမ်စာ၏ ရမှတ်ကို အသုံးပြုနိုင်) သော်လည်း၊ ကျောင်းတစ်ခုအတွက် လျှောက်ထားနိုင်သော ရမှတ်မှာ ၎င်းတို့အနက်မှ တစ်ကြိမ်စာသာ ဖြစ်သည်။ ကျောင်းတစ်ခုချင်းအလိုက် ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) ၏ စာမေးပွဲဖြေဆိုကာလကို သတ်မှတ်ထားခြင်း များသောကြောင့် လျှောက်ထားလိုသောကျောင်း၏ ကျောင်းလျှောက်ရန်လိုအပ်ချက်များကို သေချာစွာ စုံစမ်းမေးမြန်းပါ။

(ဥပမာ) A တက္ကသိုလ်လျှောက်ထားရန်လိုအပ်ချက် (EJU စာမေးပွဲ ဖြေဆိုရမည့် ဘာသာရပ် သတ်မှတ်ချက်)

| တက္ကသိုလ်ပထမဘွဲ့ ဌာနစသည် | Japanese as a Foreign Language | Japan and the World | Mathematics | Sciences | | | | အခြေခံပညာအရည်အချင်း လျှောက်ထားရန် ဘာသာစကား | အကျုံးဝင်သောရမှတ် |
|---|---|---|---|---|---|---|---|---|---|
| | | | | Physics | Chemistry | Biology | Elective | | |
| ဥပဒေပညာဌာန | ○ | ○ | Course 1 | | | | | Japanese | 2017 ခုနှစ် ဇွန်လ၊ နိုဝင်ဘာလတွင် ဖြေဆိုထားသောရမှတ် |
| အင်ဂျင်နီယာပညာ | | | Course 2 | ○ | | | Optional one subject | English | 2017 ခုနှစ် ဇွန်လတွင် ဖြေဆိုထားသောရမှတ် |

③ ဂျပန်နိုင်ငံတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) ကို အသုံးပြု၍ ဂျပန်နိုင်ငံသို့မသွားဘဲ သင့်နိုင်ငံ၊ ဒေသတွင် ကျောင်းဝင်ခွင့် ရရှိနိုင်သည့် ခွင့်ပြုချက်ကို ရယူကြရအောင်။

EJU ကိုအသုံးပြု၍ ဂျပန်နိုင်ငံသို့မလာမီ ကျောင်းဝင်ခွင့်ပေးသည့် တက္ကသိုလ်များစာရင်း (တက္ကသိုလ်ပေါင်း ၁၄၀ ခန့်ရှိသည်။)

ⓘ http://www.jasso.go.jp/en/eju/examinee/prearrival/uni_national.html

## EJU မေးခွန်းဟောင်းများ

### ဂျပန်နိုင်ငံ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (EJU) မေးခွန်းဟောင်းများ

ⓘ http://www.jasso.go.jp/en/eju/examinee/pastpaper_sample.html



- ဂျပန်နိုင်ငံ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲမေးခွန်းများ အသံနားထောင်ပြီး ဖြေဆိုရမည့် မေးခွန်းများအတွက် CD ပါသည်။

EJU Questions Booklet

မေးခွန်းဟောင်းများကို စုစည်းထားသည်။

စာရေးသူ၊ တည်းဖြတ်သူ - JASSO ထုတ်ဝေသူ : Bonjinsha Co.Ltd

(ဂျပန် နှင့် ကိုရီးယားနိုင်ငံ အတွင်း၌သာ ဝယ်ယူနိုင်သည်။)



## စုံစမ်းရန်

ဂျပန်နိုင်ငံ ပြင်ပရှိစာမေးပွဲ ⓘ http://www.jasso.go.jp/ryugaku/study_j/eju/examinee/contact/index.html

(ဂျပန်နိုင်ငံအတွင်း) Examination for Japanese University Admissiion for International Students (EJU) Information Desk

TEL : 0570-55-0585 Email : eju@sdcj.co.jp ဂျပန်နိုင်ငံပြင်ပမှ TEL : +81-42-649-9571